# COVID-19 ကာကွယ်ဆေး

# လျှပ်တစ်ပြက်အချက်အလက်များ

**COVID-19 ကာကွယ်ဆေးနှင့်ပတ်သက်၍ အများကြီးကြားနေရပါသလား။ ကန်တက္ကီ၏ ကာကွယ်ဆေးဖြန့်ဝေမှုအစီအစဉ် နှင့်ပတ်သက်သော အဓိကအကြောင်းအရာများကို ဤ လျှပ်တစ်ပြက်အချက်အလက်များ အတွင်းတွင်ကြည့်ရှုပါ။**

1) **COVID-19 ကာကွယ်ဆေးသည် ဘေးကင်းလုံခြုံမှုရှိ ပါသလား။**

**ဟုတ်ပါသည်၊** COVID-19 ကာကွယ်ဆေးများကို အခြား ကာကွယ်ဆေးများနည်းတူ ဘေးကင်းလုံခြုံမှုအတွက် တူညီသည့် စံချိန်စံနှုန်းများဖြင့် ထုတ်လုပ် ထားပါသည်။

2) **ဤကာကွယ်ဆေးအတွက် ဘယ်လောက်ကုန်ကျမည်လဲ။**

ဤကာကွယ်ဆေးသည် **အခမဲ့**ဖြစ်ပါသည်။ စီမံခန့် ခွဲမှုကုန်ကျစရိတ်အတွက် သင်၏အာမခံထံမှ ကျသင့်ငွေ တောင်းခံနိုင်ပါသည်။ **ငွေကြေး မတတ်နိုင်သည့်အတွက် သင့်အား မျက်နှာလွှဲခဲ့ပစ် မလုပ်နိုင်ပါ။**

3) **COVID-19 ကာကွယ်ဆေးကို ဘယ်နှစ်ကြိမ်ထိုးနှံဖို့လိုအပ် မလဲ။**

ဖိုင်ဇာ (Pfizer) ကာကွယ်ဆေးအား **နှစ်ကြိမ်** ၃ ပတ်ခြား၍ ထိုးနှံဖို့ လိုပါမည်။ မိုဒါးနား (Moderna) ကာကွယ်ဆေးအား နှစ်ကြိမ် ၂၈ ရက်ခြား၍ ထိုးနှံဖို့ လိုပါမည်။

---

ကန်တက္ကီပြည်နယ်က သင့်လျော်သည့်အုပ်စုများကို **အဆင့်လိုက်ဖြန့်ဝေသည့်စနစ်** ဖြင့် ထိုးနှံပေးပါမည်။ ကာကွယ်ဆေးထိုလိုသည့် ကန်တက္ကီသားများအားလုံး ကာကွယ်ဆေးများရရှိဖို့ရန် ဓနသဟာယပြည်နယ်က **ကာကွယ်ဆေးထောက်ပံ့မှုရှိသလောက် တတ်နိုင်သမျှအမြန်ဆုံးနှင့်အထိရောက်ဆုံး**လုပ်ဆောင်ရန် ကတိကဝတ်ပြုပါသည်။

| | |
|---|---|
| **အဆင့် ၁က** | ရေရှည်စောင့်ရှောက်မှု နှင့် အိုမင်းမသန်စွမ်းသူများ စောင့်ရှောက်သည့်နေရာများ၊ ကျန်းမာရေးစောင့်ရှောက်မှု ပေးသည့်ဝန်ထမ်းများ |
| **အဆင့် ၁ ခ** | အသက် ၇၀ နှစ် နှင့်အထက်ရှိသူများ၊ ရှေ့တန်းမှ တာဝန်ထမ်းဆောင်သူများ၊ ပြည်နယ်တွင်းရှိ သူငယ်တန်းမှ ၁၂ တန်းအထိ ဝန်ထမ်းများ |
| **အဆင့် ၁ ဂ** | အသက် ၆၀ နှစ် နှင့်အထက်ရှိသူများ၊ အန္တရာယ် အလွန်များသည့်အနေအထား၌ ရှိနေသောသူများ၊ မရှိမဖြစ် ဝန်ထမ်းများ |
| **အဆင့် ၂** | အသက် ၄၀ နှစ် နှင့်အထက်ရှိသူများ |
| **အဆင့် ၃** | အသက် ၁၆ နှစ် နှင့်အထက်ရှိသူများ |

ဆောင်းရာသီ ၂၀၂၁ → နွေဦးရာသီ ၂၀၂၁ → နွေရာသီ ၂၀၂၁ → ဆောင်းဦးရာသီ ၂၀၂၁ → ဆောင်းရာသီ ၂၀၂၂

---

**ကျွန်ုပ်တို့၏ COVID-19 ပစ္စည်းကိရိယာများ**

ကာကွယ်ဆေးများက ပြင်းထန်သည့်နာမကျန်းဖြစ်ခြင်းမှ ကာကွယ်ပေးရာတွင် အလွန်ထိရောက်သော်လည်း **ရောဂါလက္ခဏာမပြသောကူးစက်မှုများကို ကာကွယ်ချင်မှ ကာကွယ်နိုင်ပါမည်**။ ဆိုလိုရင်းမှာ အောက်ပါတို့ကို **ကျွန်ုပ်တို့ဆက်ပြီး... လုပ်ဆောင်နေရပါအုန်းမည်**

**ကာကွယ်ဆေး** | **မျက်နှာဖုံး** | **တစ်ကိုယ်ရေသန့်ရှင်းမှု** | **လူမှုရေးအရ ခပ်ခွာခွာနေခြင်း**